# သဘောထားထုတ်ပြန်ကြေညာချက်

အကြမ်းဖက်စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများဆက်လက်လုပ်ဆောင်နိုင်ရန်နှင့် အရပ်သားများအားပစ်မှတ်ထားတိုက်ခိုက်နေသည့်လေကြောင်းတိုက်ခိုက်မှုများပြုလုပ်နိုင်ရန် လေယာဉ်ဆီများဖြန့်ဖြူး သိုလှောင်ပေးနေသော လုပ်ငန်း (၆)ခုနှင့် လူပုဂ္ဂိုလ် (၂)ဦးတို့အား အမေရိကန်အစိုးရမှ မတ်လ ၂၄ရက်နေ့တွင် ဒဏ်ခတ်ပိတ်ဆို့ခဲ့သည်။ ယခုတစ်ခေါက်ပြုလုပ်မည့် ဒဏ်ခတ်ပိတ်ဆို့မှုသည် အကြမ်းဖက်စစ်တပ်၏ ဘဏ္ဍာများကို ဦးတည်သည့် စီးပွားရေးဒဏ်ခတ်မှု ဖြစ်လိမ့်မည့်ဟု အမေရိကန် အစိုးရဌာနမှ အကြံပေးပုဂ္ဂိုလ် Chollet မှ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း အင်ဒိုနီးရှား သတင်းစာရှင်းလင်းပွဲတွင် ဖြေကြားခဲ့ပါသည်။ သို့သော် ယခုတစ်ကြိမ်ပြုလုပ်ခဲ့သော ဒဏ်ခတ်ပိတ်ဆို့မှုသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဲ့သို့သော အကြမ်းဖက်စစ်တပ်၏ ဘဏ္ဍာများရရှိရာ အခန်းကဏ္ဍများအပေါ် ထိရောက်အောင် ပြုလုပ်ခဲ့ခြင်းမဟုတ်မှန်း သိသာရှင်းလင်းစွာတွေ့မြင်ခဲ့ပြီဖြစ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် သိလိုသည်မှာ အမေရိကန် အစိုးရသည် မြန်မာပြည်သူများ၏ အသံကို မကြားရဘူးလားဆိုသည့်အချက်နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအပေါ် ဒဏ်ခတ်ပိတ်ဆို့မှု ပြုလုပ်ရန် မြန်မာပြည်သူမည်မျှထပ်မံသေပေးရမည်ဆိုသည့်အချက်တို့ပင်ဖြစ်ပါသည်။

သေချာသည်မှာ ကျွန်ုပ်တို့ မြန်မာပြည်သူများသည် အကြမ်းဖက်စစ်တပ်အား ဝင်ငွေအများဆုံးထောက်ပံ့ပေးနေသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအား အမေရိကန်အစိုးရမှ အရေးယူပိတ်ဆို့သည်အထိ ဆက်လက်ဖိအားပေးလုပ်ဆောင်သွားမည်ဖြစ်ပါသည်။